
Nann Yein
အချစ်ဦးမို့ ချစ်ပါသည်

(၁)

"ကိုကိုရေ ကိုကိုရေ"

ဝင်လာပါပြီ ... အသံစူးစူးလေး ...၊ ဒီအိမ်ထဲကို တံခါးမရှိဓားမရှိ ဝင်နိုင်သူလေး ... မင်းသန့်ပန်းခြံထဲမှာ စာအုပ်ထိုင်ဖတ်ရင်း ထိုအသံလေးကြားတော့ ပြုံးမိသည်။

တတိယကြိမ်မြောက် ကိုကိုရေမှာ အနားကို တန်းရောက်လာမှာသိလို့ ... မင်းသန့်သိနေသည်လေ။

"ကိုကိုရေ ... ဟောဟဲ မောတာ ကိုကိုရာပြန်ပြီး မထူးဘူး ကူးကူးရေ ဒီမှာ ဆိုပြီးပြောရင် ကိုကိုလေကြီး ကုန်သွားမှာစိုးလို့လားပြော"

ပြောလည်းပြော ရှေ့ကရေနွေးခွက်ကို သောက်ချပစ်တာ တဂွပ်ဂွပ် ... အသာပြုံးပြီး ခေါင်းရမ်းကာ လှူရမဲ့စာရင်းတွေ ပြန်ကြည့်နေလိုက်သည်။

ဘုရင့်မျိုးနွယ်မို့အမြဲ အလှူရက်ရောရန် ကြင်နာသနားတတ်ရန်၊ လိုအပ်သူများကို မျက်ကွယ်မပြုတတ်ရန်နှင့် ဘာသာ တရားကိုင်းရှိုင်းတတ်ရန်သည် မင်းသန့်ငယ်ငယ်တည်းက ကျမ်းတစ်ခုလို ကျက်လာရတာပင် ...။

"ကိုကိုနော် ရတယ်နော် ကူးကူးကို အဖက်မလုပ်ဘူးနော် ရတယ်ရတယ် ... ကူးကူးက သူငယ်တန်းတတ်ရတော့မှာ ကူးကူးကျောင်းတတ်မှ သူငယ်ချင်းတွေရရင် ကိုကို့ကို ပလစ်ပစ်မယ်"

"ပလစ်ပစ်မယ် ... အဲဒါ ဘာကိုပြောတာလဲကူးကူး"

မင်းသန့်မသိလို့ မေးလိုက်တော့ မျက်နှာလေးကိုချီ ဆရာကြီးစတိုင်နဲ့ ...

"မသိရင်မှတ်ထားနော် ... ပလစ်တယ်ဆိုတာ ထားပစ်ခဲ့မယ် အဖက်မလုပ်ဘူး ပြောတာကိုကိုရဲ့"

ပြောလည်းပြော ညာတာပါတေးနဲ့ မင်းသန့်ပေါင်ပေါ် ကုတ်တတ်လာကာ လည်ပင်းကို ဖက်လိုက်တော့ ပြုတ်ကျမှာစိုးကာ မင်းသန့်အလိုက်သင့်လေးခါးကို ဖက်ထားလိုက်ပြီး စာဖတ်လည်း အာရုံမရတော့မှာမို့။

"အဲဒီဗန်းစကားတွေ ဘယ်ကတတ်လဲပြောကူးကူး"

"ကူးကူး တို့အမျိုးကအိမ်က တီတီလေး ပြောတာလို့"

"ဟုတ်လို့လား၊ မညာရဘူးနော် ... ဗန်းစကားတွေ မပြောရဘူးလို့ ကိုကိုသင်ပေးထားတယ်ဟုတ်"

လည်ပင်းကိုနှိပ်ချပြီး မင်းသန့်ပါးလေးကို ဘယ်ပြန်ညာပြန်နမ်းကာ ... ပြောလိုက်တဲ့စကားကြောင့် မင်းသန့် မျက်လုံးပြူးသွားရသည်။

"ညာစရာလားလို့ ... ကိုကိုကကူးကူးယူမဲ့ ယောက်ျားပဲဟာကို"

ဘုရားရှင် ... ယောက်ျားချင်းယူမယ် ... ဒီကလေးဘယ်လို တွေးနေပါလိမ့်။

***

(၂)

"ဘယ်သူသင်ပေးတာလဲ ပြောကူးကူး ... ဒီစကားတွေ ဘယ်ကတတ်တာလဲ ... ဘုရားမကြိုက် နတ်မကြိုက်"

"ဟွန့် ကူးကူးကြိုက်တာပဲကို ... ကူးကူးကြိုက်ဖို့ အရေးကြီးဆုံး မဟုတ်ဘူးလားလို့ ... ပြီးတော့ ကူးကူးပြောတာဟုတ်ပါဘူးနော် ... ကြီးကြီးတို့ ပြောတာကြားတာပါဆို"

နှုတ်ခမ်းလေး စူကာစူကာ ပြောနေတဲ့ ၅ နှစ်သား အရွယ်ကလေးကို ၁၂ နှစ်သား အရွယ်ကောင်လေးက ချစ်စနိုးကြည့်နေတဲ့ မြင်ကွင်းလေးဟာ ဥယျာဉ်ထဲက ပန်းတွေထက် သိပ်လှပါသည်။

"ကူးကူး ကိုကိုပြောတာနားထောင် ... ယောကျ်ားလေးချင်းက ယူလို့မရဘူး ကူးကူးရဲ့"

"အဟင့် ... အာ့ဆိုကူးကူးက တစ်သက်လုံး တစ်ယောက်တည်း ဖြစ်နေတော့မှာပဲလို့ ... အဟင့် ဆရာရသေ့ကြီးက ပြောတော့ ကူးကူးက ကိုကို့တွက် မွေးလာရတာတဲ့ ကိုကိုကလည်း ယူလို့မရဘူးဆိုတော့ ကူးကူးက ဘယ်လိုလုပ်ရမှာလဲလို့"

ပြောလည်းပြော နှပ်ချီးတရှုပ်ရှုပ်နဲ့ ငိုချလိုက်တာမို့ မင်းသန့် ဘာလုပ်ရမှန်းမသိတော့ ... ကူးကူးက အငိုတစ်အားသန်သည်။ တစ်ခါ စိတ်ဆိုးတုန်းကဆို ငိုတာများ လုံးဝချော့မရ။ ရေသောက်ပြီးငိုတဲ့ ကလေးမျိုး ...

ဘာလုပ်လို့လုပ်ရမှန်း မသိခင် မြန်မာဝတ်စုံကိုကြော့နေအောင် ဝတ်ထား

တဲ့ မင်းသန့်မောင်ရဲ့အမေ ရောက်လာတာမို့ ကယ်တင်ရှင်ကြီး ရောက်လာသလို ... ကူးကူးကမေမေ့ စကားဆိုနည်းနည်း နားထောင်တယ် ...။

"သား ကူးကူးက ဘာလိုငိုနေတာလဲကွယ် ... လာလာသားလေး ဘာလိုငိုနေတာလဲ ကလေးရဲ့ ..."

"မေမေခင် အဟင့် ကိုကိုကလေ ကူးကူးကို တာဝန်မယူဘူးတဲ့ ... အဟင့် ... ကူးကူး ဘယ်လိုလုပ်ရမလဲဟင် ... အဟင့်"

"အလိုတော် မေမေခင်ရဲ့သားငယ်လေးကို ကိုကိုက အနိုင်ကျင့်လို့လား"

ပါးဖြူဖြူဖောင်းဖောင်းလေးမှာ မျက်ရည်တွေ တစ်လုံးချင်း လှိမ့်ဆင်းလာပြီး ...

"အနိုင် အဟင့် ကျင့်တာမှ တော်အုံးမှာ ... အဟင့် ... ခုက ကူးကူးကူးက တစ်ယောက်တည်း ဖြစ်တော့မှာ ... အဟင့်"

ဒီကလေးလေးငိုရင် ဒေါ်ခင်မေသက်ထား ရင်ထဲ မကောင်းတာမို့ ...

"သားလေး ကူးကူးက ဘာဖြစ်တာလဲ ... "

ကူးကူးရဲ့ ဘူးသီးလောက် မျက်ရည်တွေကြောင့် မေမေက မင်းသန့်ကို မေးချေပြီ ...။

ဘယ်လိုဖြေရမှန်းမသိ။

ကူးကူးကအသွတ်လေးမို့ ဒီလိုတွေပြောရဲပေမဲ့ မင်းသန့်ကတော့ပြောမရဲပါ ...

"ကိုကိုပြောလိုက်လေ အဟင့် ကူးကူးကို ပြောသလို မေမေခင်ကို ပြောလိုက်လေ ... မေမေခင်သိလား ကိုကိုကလေ ကူးကူးနဲ့ယူလို့ မရဘူးဆို ... "

သဘောတကျ ရယ်မောမိသွားသည်။ ဒီကလေးက အိမ်ရဲ့ ခေါင်လောင်းလေးပင် ...။

"ဘာလို့လဲ ကူးကူးလေးရဲ့"

ပါးပေါ်ကျတဲ့ မျက်ရည်လေးတွေ သုတ်ပေးပြီးမေးလိုက်တော့ နှုတ်ခမ်းလေးချွန်ကာ ...

"မေမေခင်နဲ့ ကြီးကြီးပြောတာ ကူးကူးဟိုနေ့က ကြားတယ်လို့ ဆရာရသေ့ကြီးက ပြောတယ်ဆို ကူးကူးက ကိုကို့အတွက်တဲ့ဆို ... အဟင့်ခုတော့ ကိုကို ကယူမရဘူးတဲ့ ... မေမေခင် ကယ်ပါဦး ကူးကူးတစ်ယောက်တည်း မနေချင်ဘူးလို့"

အမယ် ... လည်ပင်လေးကိုဖက် ပါးလေးကို သူ့ပါးသေးသေးလေးနဲ့ ကပ်ကာ ပြောနေပုံလေးက တကယ့်ချစ်မွေးလေးမို့ ...။

"သားလေး ကလေးကို ဘာတွေပြောနေတာလဲ ကွယ် ... ကူးကူးလေးကို ဂရုစိုက်ကြင်နာရမယ်လို မေမေမှာထားတယ်လေ ... "

လေသံ နည်းနည်းမာမာလေးပြောတော့ သားက ခေါင်ငုံသွားသည်။ ဒီလို ပျော့တတ်တာမို့ မင်းသန့်မောင်ရဲ့ ကြင်ယာတော်အဖြစ် အလင်းကူးကို မွေးဖွားလာတာလို့ မိန့်တော်မူခဲ့တာ ...

ရှေ့ရေစက်မို့ ဖျက်မရလို့မိန့်ခဲ့တာ ... မင်းသန့်မောင်ရဲ့ အခက်အခဲ အန္တရာယ်ကို အလင်းကူးကပဲ ကာကွယ်နိုင်မယ် မိန့်ခဲ့တာနေမှာ ... ဒါမဲ့ ဒါတွေပြောဖို့ ငယ်သေးတာမို့။

"မေမေခင် ... ကိုကို့ကို ဆူပါနဲ့နော် ... အဟင့်ကိုကိုက ကူးကူးကို မလိုချင်ရင်လေ မေမေခင်က ကူးကူးလက်ထဲ အတင်းထည့်ပေးလေနော် ... "

"အဲဒီလို ထည့်ရအောင် ကိုကိုက အရုပ်လားပြော"

"NO no no ကိုကိုက အရုပ်ဟုတ်ဘူး၊ ကိုကို မင်းသားလေး ... ဟီးဟီး ကူးကူးက ကာကွယ်မှာ ..."

"အဲမယ် ကိုယ့်ဟာကို ကာကွယ်တတ်ပါတယ်ကွ ... "

"ကိုကိုက မြင်ရတာတွေ ကာကွယ်နိုင်တာလေ ... ကူးကူးက ကိုကို့ စိတ်မညစ်အောင် ကာကွယ်မှာပေ့ါလို့"

မေမေကော မင်းသန့်ပါရယ်မောမိတော့သည်။ စကားသိပ်တတ်တဲ့ ကောင်လေး မနေနိုင်တော်တာမို့ မေမေပေါင်ပေါ်မှ ပွေ့ချီလိုက်ကာ ပါးဖောင်းဖောင်းကို ဆွဲလိမ်ကာ ...

"ပြောပါဦးကွ ဘယ်လိုကာကွယ်မယ် ဆိုတာ ... "

"ခိခိ ဒီလို အာဘွား ပေးပြီးတော့ပေ့ါလို မွ"

မင်းသန့်ပါးကို သူ့နှုတ်ခမ်းရဲရဲပိစိလေးနဲ့ လာနမ်းတာမို့ မေမေကော မင်းသန့်ပါ ရယ်မောမိသည်။

ကိုကိုညီလေးပဲ လုပ်ပါ ကူးကူးရယ် ... ကိုကိုကပဲ ဘေးမထိရန်မခအောင် ကာကွယ်ပေးမှာမို့ ... ကိုကို့ညီလေးအဖြစ် ကိုကို့နားမှာနေပါ ...။

***

(၃)

ကူးကူး ဒီနေ့ကျောင်းစတက်တဲ့နေ့ ...

ဖေကြီးက လိုက်ပို့ပေမဲ့ ကူးကူးကတော့ ကူးကူးရဲ့ အနာဂတ်ယောက်ျားနဲ့ပဲ သွားချင်တာမို့ အစောကြီး ပြင်ဆင်ပြီးနေပြီ ...။

သနပ်ခါးကို ဖွေးနေအောင်လူးထားတဲ့ ကူးကူးရဲ့ ပါးပြင်လေးပေါ်က ပါးကွက်လေးနှစ်ဖက်က မွှေးကြူပါမလားလည်း စိုးရိမ်မိပါရဲ့ ...။

"ကူးကူးသားရေ မနက် ၆ နာရီထဲက ထပြင်နေတာပြီးသေးဘူးလား ... "

မေကြီးကလေ ကူးကူးက စိုးရိမ်နေလို့ဟာကို လူကြီးတွေကလေ ကလေးတွေရဲ့ ခံစားချက်ကို နားမလည်ဘူးဟွန့် ... ဟိုကိုကိုလည်း အပါအဝင် ...။

"လာပြီမေကြီးကလည်း ... ကူးကူး ကြည့်ရတာ အဆင်ပြေလားဟင် ... တွေ့တာနဲ့ ချစ်ချင်စရာလေး ပေါက်ရဲ့လားလို့ ... ဖေကြီးကူးကူးကိုကြည့်ပေးဦး ... "

"အဟား ... ငါ့သားလေးက ချစ်စရာ ကောင်းပြီသားပါကွ ... ဖေကြီးက ချစ်လွန်းလို့ ငုံတောင်ထားချင်တာ"

"ကျေးဇူးတင်ပါတယ် ခင်ဗျ ကူးကူးကို ချစ်စရာကောင်းတယ် ပြောလို့ဖေကြီးကို အာဘွား ... ကူးကူးကိုတော့ နမ်းနဲ့ဦးနော်"

အလုပ်သွားဖို့ ခဏထိုင်နေတဲ့ သူ့အဖေဆီကုတ်တတ်သွားပြီး ပါးကို ဘယ်ပြန် ညာပြန်နမ်းနေတဲ့ ကူးကူး လေးကို သူတို့လင်မယားမှာချစ်မဝ ...။

အိမ်ထောင်သက်တမ်းကြာမှ ရလာတဲ့ ကလေးမို့ အရိပ်တကြည့်ကြည့်

ပြုစုစောင့်ရှောက်ထားရတာမို့ …။

"ဖေကြီးကိုလည်း နမ်းပြီးပြီ … မေကြီးကိုလည်း နမ်းပြီးပြီ … ကူးကူးလည်း ယုံကြည်ချက်အပြည့်နဲ့ လှနေပြီမို့ ကိုကိုဆီ သွားမယ်နော် … ကိုကို ကျောင်းသွားဖို့ ပြင်ဆင်ပြီးပြီလား မသိဘူး"

"အဟားငါ့သားကတော့ကွာ … "

ကျောင်းစိမ်း အင်္ကျီလေးဆွဲချပြီး ခေါင်းလေးတစ်မော့မော့ ပြောနေတာမို့ ဦးနေနိုင်ထွန်းမှာ အသည်းတယားယား …

"ကူးကူး … ကိုကို့ကို အရမ်းမဆိုးရဘူးနော် … ပေါက်ကရတွေလည်း လျှောက်မပြောရဘူးကြားလား … "

"ဟုတ်ကဲ့ပါခင်ဗျ ကူးကူး စကားနားထောင်ပါ့မယ်ခင်ဗျာ … "

အသံလေးတစာစာနဲ့ ကူးကူးကတော့ ခြံအပြင်ရောက်နေပြီ …

အဲဒီကလေးဟာလေအမြဲလှစ်ခနဲ … အခုတလောလည်း မင်းသန့်လေးကို သူယူမယ့်သူဆိုပြီး ခဏခဏ ပြောလာသေးသည်။

ကလေးမို့ ဘာမှနားမလည်သေးတာမို့ အတင်းအကျပ်တွေ မပြောချင် …

တော်သေးသည် … မခင်တို့ ယဉ်ယဉ်ကျေးကျေးနဲ့ မာနမကြီးတဲ့သူမျိုးမို့ …။

***

"ကိုကို"

မနက်အာရုံဦးမှာ အေးဆေးငြိမ်သက်နေတဲ့ မင်းမြတ်ဂေဟာကြီးဟာ ကူးကူးအသံစာစာလေးနဲ့ အစပြုလို့ …

ခြံဝထဲကနေ အော်လာတဲ့ အသံစူးစူးလေးကြောင့် မနတ်စာပြင်နေတဲ့ ဒေါ်ခင်မေ သက်ထားပြုံးမိသည်။ ဒီအိမ်ရဲ့ ခေါင်းလောင်းလေးက အလည်

လာပြီ ... အိမ်ဝရောက်တော့ ဧည့်ခန်းမှာထိုင်နေတဲ့ ဦးမျိုးချစ်မောင်ကိုတွေ့တော့ ကိုယ်လေးတန့်သွားသည်။ စာအုပ်ကို ဖတ်နေတဲ့ ဦးဦးကိုတော့ ကူးကူးကြောက်ရတာမို့ အိမ်ထဲ ဖြည်းဖြည်းလေးနဲ့ ခြေသံမကြားအောင်ဝင်ကာ ...

"ဦးဦး မင်္ဂလာပါခင်ဗျာ"

"အေး မင်္ဂလာပါ ... အသံကိုစူးနေတာပဲနော် ကူးကူး။ ဦးဦးစကား နားမထောင်ဘူးလား"

"ကူးကူးက နားထောင်ပါတယ်ဦးဦးရဲ့"

"မနက်စာစားပြီးပြီလား ... "

"ကူးကူးပေါင်မုန့်နဲ့ ကော်ဖီသောက်လာပါတယ် ဦးဦး အဲ ... "

ကော်ဖီတွေ ကိတ်တွေ စားတာ မကြိုက်တဲ့ ဦးဦးက သေချာစိုက်ကြည့်တာမို့ ကူးကူးမှာ နေစရာမရှိတော့ ...

ကိုကိုရေ မေမေခင်ရေ ကူးကူးကို ဦးဦးလက်ထဲက ကယ်တင်ပေးပါ ...။

"သားငယ်လေးလာ ... ဒီနေ့မေမေခင်သားငယ်လေးက ကျောင်းတတ်ရတော့မှာလား"

"ဟုတ် ကိုကို နဲ့ တူတူသွားဖို့ လာခေါ်တာမေမေခင် ... ဒါနဲ့လေ"

နားနားတိုးပြီး သူဦးဦးကိုလည်း တစ်ချက်ကြည့်ကာ အသံတိုးတိုးလေးနဲ့ ...

"မေမေခင်ကူးကူး အဆင်ပြေလားဟင် ... ချစ်ဖို့ရော ကောင်းလားဟင်"

မျက်လုံးလေးကလည်း သူ့ဦးလေးကို ကြည့်နေမို့ သဘောတကျ ရယ်မောမိသည်။

***

အိမ်မှာထဲက နှုတ်ခမ်းဆူနေတာမို့ ဒီကလေး စိတ်ကောက်နေမှန်းတော့ သိသည်။

"ကူးကူး အတန်းထဲကိုကို ဒီနေ့လိုက်ပို့ပေးမယ် နော် ... နောက်နေ့ကျ တစ်ယောက်တည်း သွားရမှာမို့မှတ်ထားနော်"

ဘာမှပြန်မဖြေပဲ နှုတ်ခမ်းဆူပြီး ဟိုဘက်လှည့်သွားတာမို့ တကယ် စိတ်ကောက်နေပြီမှန်း သိလိုက်သည်။

"ဖေဖေဆူလို့လား ကူးကူး နှုတ်ခမ်းကြီးကချွန်နေတာပဲကွာ ... လှလည်း မလှဘဲ"

"ကိုကို"

"ဗျ"

"ယဉ်ကျေးပျူငှာစွာ နှုတ်ဆက်ခြင်းဆိုတာကို မေမေခင် သင်ပေးထားတာ မေ့နေလား ... ကူးကူးရေ မင်္ဂလာပါ ... ကူးကူးရေ ဒီနေ့အရမ်းချစ်စရာ ကောင်းနေပါလားလို့ ပျူငှာစွာဘာလို့ မနှုတ်ဆက်တတ်တာလဲလို့"

"ဟမ် ဟားဟား ... ဟုတ်ပကွာ ... ကိုကို့ညီလေးက အရမ်းချစ်ဖို့ ကောင်း လို့ကိုကို့က ဆွံ့အသွားတာပါကွ"

"ကိုကိုက ပြောဖို့မေ့တာ ကူးကူးက စိတ်ဓာတ်ကျနေပါပြီနော် ... ကူးကူး မှာ ဒီလို ချစ်ဖိုကောင်းဖို့ ဖနာရီထဲက ပြင်တင်ထားရတာကိုလို့ ... ကူးကူး ရင်ထဲမကောင်းဘူး"

သူရင်ဘတ်ကိုပုတ်ပြီးပေါက်တဲ့ ကူးကူးလေးကို ကြည့်ပြီး ဦးလေးသန်းကော မင်းသန့်ပါ ရယ်မောမိသည်။

ကူးကူးကတော့ သူချစ်ဖို့ မကောင်းလို့ လျှောင်ပါတယ်ဆိုပြီး ထပ်ကောက် သွားလေးရဲ့ ...။

***